
www.burmeseclassic.com



# ဆူးသင်ရှိ

## ဒဏ္ဍာရီ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၆၂၀၀၂၁၃၁၀ |
| စာမူခွင့်ပြုချက်အမှတ် | – | ၆၂၀၀၂၇၀၄၁၀ |
| မျက်နှာဖုံးပန်းချီ | – | ကေစာချို |
| မျက်နှာဖုံးဒီဇိုင်း | – | ဗဂျီလင်းဝဏ္ဏ |
| အတွင်းသရုပ်ဖော်ပုံများ | – | ဆူးသစ်နီ |
| ထုတ်ဝေသူ | – | ဦးမြင့်ဦး(၀၄၁၅၅) ဆုစာပေ၊ အမှတ်(၁၉၈) ၃၉လမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | – | ဦးဆန်းထူးစိုး(မြ–၀၄၆၉၈) နန်းသဇင်စက် အမှတ်(၁၉၈)၊ ၃၉လမ်း၊ ရန်ကုန်မြို့။ |
| မှတ်တမ်း | – | ၂၀၁၀ခုနှစ်၊ ဖွန်လ ပထမအကြိမ် |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၀၀၀ကျပ် |

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၀၈.၈၁

ဆူးသစ်နီ

အစွယ်နှင့် အခြားကဗျာများ / ဆူးသစ်နီ ။ – ရန်ကုန်၊ ဆုစာပေ၊ ၂၀၁၀။

၇၁ – စာ၊ ၁၃.၂ × ၂၀.၅ စင်တီ။

(၁) အစွယ်နှင့် အခြားကဗျာများ


www.burmeseclassic.com

www.burmeseclassic.com

# ဆူးသစ်နီ

# အစွယ်

နှင့်

## အခြားကဗျာများ

(ကိုယ်တိုင်ရေးပန်းချီသရုပ်ဖော်များဖြင့်)

www.burmeseclassic.com

www.burmeseclassic.com

# အစွယ်

နှင့်

အခြားကဗျာများ

## ဆူးသစ်နီ၏ ကျေးဇူးတင်လွှာ

၁။ ကျွန်တော့် **"မိဘနှစ်ပါး"** ၏

- ဆွေးကျေးဇူး
- ကျွေးကျေးဇူး
- ပညာကျေးဇူး နှင့်
- အနုပညာကျေးဇူးကို အတိုင်းမသိ
  ကျေးဇူးတင်ရှိပါသည်။

၂။ ကျွန်တော့်အား

- နားလည်သော
- အားပေးသော
- ကူညီသော
  ကဗျာဆရာမ **"မမိုးစက်"** ကို
  အထူး ကျေးဇူးတင်ရှိပါသည်။

၃။ ကျွန်တော်နှင့် အဘက်ဘက်မှ **ပတ်သက်သူအားလုံး**နှင့် ကဗျာချစ်သူ **ပရိသတ်အားလုံး**ကို လေးစား ကျေးဇူးတင်ရှိပါသည်။

၄။ မေတ္တာဖြင့် အမှာစကား ရေးသားချီးမြှင့်ပေးသော ကဗျာဆရာ **ထွန်းဝေမြင့်**နှင့် စာအုပ်ထုတ်ဝေနိုင်ရေး အစစ စီစဉ်ဆောင်ရွက်ပေးသော **ဆရာဦးမြင့်ဦး** (ဆုစာပေ)၊ မျက်နှာဖုံးပန်းချီ ရေးဆွဲပေးသော **ဆရာကေစာရှိ**၊ မေတ္တာဖြင့် မျက်နှာဖုံးဒီဇိုင်း ဆင်ပေးသော **ဇကျိုလင်းဝဏ္ဏ** တို့ကို အထူးကျေးဇူးတင်ရှိပါသည်။

နှလုံးသားဖြင့်

**ဆူးသစ်နီ**

www.burmeseclassic.com

www.burmeseclassic.com

## ကဗျာဆရာ ထွန်းဝေမြင့် ၏ အမှာစာ

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် ထုတ်ဝေသော မြန်မာတိုင်း(မ်) ဂျာနယ် "အားကစားကဏ္ဍ" တွင် "ပရောဖက်ရှင်နယ်ခေတ် ရောက်မှ ညံ့ကြတော့မှာလား" ဟူသော သတင်းဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရပါသည်။

လာအိုနိုင်ငံ၌ ကျင်းပသော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း အုပ်စုပွဲမှာပင် ထွက်ခဲ့ရသည်ကို ရည်ညွှန်းကာ ရေးထားခြင်းဖြစ်ပါသည်။ ဆောင်းပါးရှင်က မြန်မာဘောလုံးအသင်းကို အားမလိုအားမရ ဖြစ်သလို မြန်မာဘောလုံးပွဲကြည့် ပရိသတ်များကလည်း အားမလိုအားမရ ဖြစ်ကြရသည်။ သို့သော်လည်း လူငယ်တွေ ကြိုးစားနေကြသည်ကတော့ အမှန်ပါ။ လူငယ်တွေကို ကျွန်တော်တို့ အားပေးနေကြရမှာပဲ ဖြစ်သည်။

ဒီကနေ့ အားကစား၊ စာပေ၊ အနုပညာ၊ ဂီတ အခြားသော နယ်ပယ်အသီးသီးမှ မြန်မာလူငယ်များ မညံ့ကြပါလို့ပဲ ယေဘုယျပြောချင်ပါသည်။

•

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ရန့်သစ်မဂ္ဂဇင်းတွင် ကဗျာအင်တာဗျူးတစ်ပုဒ် ပါ ပါသည်။ ကိုစန်းဦး (စိတ်ကူးချိုချို)က မေး၍ ကျွန်တော် (ထွန်းဝေမြင့်) ဖြေသော ကဗျာကိစ္စတစ်ခုကို ပြန်လည်ဖော်ပြပါရစေ။

စန်းဦး။ ။ အခုအချိန် ကဗျာတွေရဲ့ လမ်းကြောင်းကို ဘယ်လို မြင်ပါသလဲ။ ဘယ်ကိုသွားနေတယ်လို့ ထင်ပါသလဲ။ ဆရာသစ္စာနီ ပြောတဲ့ မော်ဒန်ကဗျာဝဲကို လက်ခံပါသလား။

ထွန်းဝေမြင့်။ ။ မော်ဒန်ကဗျာဝဲကို ကျွန်တော် လက်မခံပါဘူး။ ဒီကနေ့ ကဗျာလောကဟာ တိုးတက်ရာဆီ ဦးတည်မသွားဘဲ ဝဲဩဃလို ချာချာလည်နေတယ်ဆိုတဲ့ အမြင်မျိုး ကျွန်တော် မမြင်ပါဘူး။

ခေတ်စမ်းကဗျာကို (၁၉၃၀) ကနေ (၁၉၇၀) အထိ အကြမ်းဖျဉ်းပိုင်းဖြတ်မယ်ဆိုရင် နှစ်ပေါင်းလေးဆယ် ကြာရှည်ခဲ့ပါတယ်။ ဒီ အနှစ်လေးဆယ်အတွင်း ထွက်ပေါ်လာတဲ့ ခေတ်စမ်းကဗျာဆရာတွေ မနည်းပါဘူး။ ကဗျာအပုဒ်ရေ

www.burmeseclassic.com

www.burmeseclassic.com

လည်း သောင်းနဲ့ သိန်းနဲ့ချီပြီး ထွက်လာပါတယ်။ အဲဒီတုန်းက မဂ္ဂဇင်းတိုင်း၊ ဂျာနယ်တိုင်းမှာ ခေတ်စမ်းကဗျာပုံစံတွေပဲ ပါဝင်ခဲ့တာပါ။ (၁၉၈၀ လောက်အထိ မော်ဒန်ကဗျာဟာ မဂ္ဂဇင်းစာမျက်နှာတွေပေါ် ခုလို ရောက်လာလိမ့်မယ်လို့ အိပ်မက်တောင် မမက်ရဲခဲ့ပါဘူး။ နောက်တော့ တိုင်ပင်မထားရဘဲ လူငယ်ကဗျာရေးသူတွေဟာ မော်ဒန်ကဗျာကို ရေးလာလိုက်ကြတာ ခုတော့ အရပ်ရှစ်မျက်နှာအနှံ့ ဖြစ်သွားခဲ့ပြီ။

ဒီတော့ မော်ဒန်ကဗျာခေတ်မှာလည်း လူငယ်တွေ အများကြီးက ကဗျာပုဒ်ရေတွေ သိန်းနဲ့သောင်းနဲ့ ချီပြီး ရေးလာကြတာ ကျွန်တော် ကြိုက်တယ်။ ကဗျာခေတ် တစ်ခေတ်ဟာ ဒီလိုပဲ ပေါ်ပေါက်လာရမှာပါ။ ဒါကို "ဝဲ"လို့ ကျွန်တော် မမြင်ပါဘူး။

ကျွန်တော်မြင်တာက ကောင်းကင်မှာ ကြယ်တွေ အများကြီး ပြူထွက်နေတာမျိုးပါ။ ကြယ်စုံတဲ့ ညမျိုးကို ကျွန်တော် ကြိုက်တယ်။ မှေးမှိန်နေတဲ့ ကြယ်တွေ ရှိသလို လင်းလက်နေတဲ့ ကြယ်တွေလည်း ရှိတယ်။ တချို့ ကြယ်တွေက တည်တည်ငြိမ်ငြိမ်၊ တချို့ကြယ်တွေက မျက်တောင် တဖျပ်ဖျပ်။ ကြယ်ပွင့်သေးသေးမွှားမွှားလေးတွေ ရှိသလို ကြယ်ပွင့် အကြီးကြီးတွေလည်း ရှိတယ်။ သေချာတာက သူတို့အားလုံးဟာ လှပနေတာပါပဲ။ ကျွန်တော်တော့ ကြယ်တွေစုံတဲ့ညကို ကြည့်နေရတာ ပျော်စရာပါပဲ။

*

၂၀၀၂ ခုနှစ်၊ မတ်လလောက်တုန်းက မြန်မာသစ်ဂျာနယ်အတွက် နီယိုခေတ်စမ်းကဗျာဆရာကြီး ဦးမောင်ရည်ကို ကျွန်တော် စာပေအင်တာဗျူး လုပ်ခဲ့ဖူးသည်။ ဆရာဦးမောင်ရည်က အင်တာဗျူးတွင် အသုံးပြုရန် မန္တလေးတက္ကသိုလ်ကျောင်းသားဘဝက ရိုက်ထားသော ဓာတ်ပုံလေးတစ်ပုံ ကျွန်တော့်ကို ပေးခဲ့သည်။ တက္ကသိုလ်ကျောင်းသား မောင်မောင်ရည်နှင့် သူငယ်ချင်း မောင်သိန်းနိုင်တို့ တွဲရိုက်ထားသော ဓာတ်ပုံကလေး။ ထိုဓာတ်ပုံလေးကို ကျွန်တော့်အားပေးရင်း မှတ်သားဖွယ်စကားလေးတစ်ခွန်း ပြောပြခဲ့ဖူးသည်။

"ကိုယ်တို့ ကျောင်းသားဘဝမှာပဲ ကဗျာတွေရေးကြ၊ ဝတ္ထုတွေရေးကြ၊ မဂ္ဂဇင်းတွေကို ပို့ကြနဲ့ လူငယ်ပီပီ စိတ်အားထက်သန်ကြတယ်။ ကိုယ်က ဝေဖန်ရေးကိုလည်း အဲဒီကတည်းက ဝါသနာပါတော့ သူငယ်ချင်း မောင်သိန်းနိုင်ရဲ့ ဝတ္ထုတိုလေးတွေကိုလည်း ဝေဖန်တာပေါ့။ ဝေဖန်တာမှ ပယ်ပယ်နယ်နယ်၊ ပြတ်ပြတ်သားသား ဝေဖန်တာ။ ကိုယ့်ရဲ့ဝေဖန်ရေးလက်နက်က ပြင်းထန်လေတော့ မောင်သိန်းနိုင်ခမျာ လက်တွန့်သွားခဲ့ပြီး ဝတ္ထုမရေးရဲတော့ဘူး ဖြစ်သွားတယ်။ နောင်အခါတွေမှာ သူက ကိုယ့်ကို စကားနာထိုးတတ်တယ်။

"ဝေဖန်ရေးဆရာ မောင်မောင်ရည်ရဲ့ ဖြောင်းဖြောင်းပြတဲ့ ဝေဖန်ရေးအမြောက်ဆံ၊ ဗုံးဆံတွေအောက်မှာ ဝတ္ထုတိုလေးတွေ ကြိုးပန်းတကြီး ရေးနေတဲ့

www.burmeseclassic.com

www.burmeseclassic.com

မောင်သိန်းနိုင်ရဲ့ နုနုနယ်နယ် ကလောင်တစ်ချောင်းဟာ သက်ဆိုးမရှည် ဘုံးဘုံးလဲ သေပွဲဝင်ရရှာတော့တယ်" တဲ့။

ဒီလိုနဲ့ ဝတ္ထုရေးဆရာ မောင်သိန်းနိုင် ခမျာ ပျောက်ကွယ်သွားခဲ့ပြီး "ဂုဏ်ထူး ဦးသိန်းနိုင်" ရယ်လို့ ထင်ရှားတဲ့ ဆရာတစ်ဆူတော့ ဖြစ်လာခဲ့တာပေါ့လေ။

*

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ကဗျာရေးသော၊ ဝတ္ထုတိုရေးသော၊ ပန်းချီလည်းရေးလေ့ရှိသော **"ဆူးသစ်နီ"** က သူ့ကဗျာစာအုပ်အတွက် "အမှာစာ" ရေးပေးဖို့ ကျွန်တော့်ကို ကမ်းလှမ်းလာသောအခါ ကျွန်တော် သူ့ကဗျာများကို ဖတ်ကာ ယခု အမှာစာကို ရေးလိုက်ရပါသည်။

ဆူးသစ်နီကဗျာများကို ကောင်း၏၊ ညံ့၏၊ သင့်၏ဟူ၍ ကျွန်တော် အဆုံးအဖြတ်မပေးလိုပါ။ သူ့ကဗျာတွေကို ဖတ်ကြည့်တော့ သူ့ကြိုးပမ်းမှုကို တွေ့ရသည်။ ဂန္ထဝင်ပုံစံ ခေတ်စမ်းဟန် ကဗျာမျိုးတွေ မပါသော်လည်း ကာရန်ကို နှစ်နှစ်ခြိုက်ခြိုက်သုံးထားသည့် ကဗျာမျိုးလည်း တွေ့ရသည်။ ဒါ **"မြန်မာကဗျာပဲ"**ဟု ပြော၍ရသော မြန်မာဆန်သည့် ကဗျာမျိုးကိုလည်း တွေ့ရသည်။ ဘာသာစကားကို စမ်းသပ်ထားသော **"ဘာသာစကားကဗျာ"** ပုံစံမျိုးလည်း တွေ့ရသည်။ တချို့ကဗျာက နူးညံ့သိမ်မွေ့ပြီး တချို့ကဗျာက ကြမ်းရှသည်။ တချို့ကဗျာက စိတ္တဇဆန်ပြီး တချို့ကဗျာက ဘဝဆန်သည်။ တချို့ကဗျာက မြို့ပြခံစားမှု၊ တချို့ကဗျာက သဘာဝတွင် ကြည်နူးမှု။

ဆူးသစ်နီကဗျာများကို ကဗျာချစ်မြတ်နိုးသူ၊ ကဗျာဖတ်သူများကသာ ဒီကဗျာ ကောင်း၏၊ ဒီကဗျာ ညံ့၏ အဆုံးအဖြတ်ပေးကြရမှာပဲ ဖြစ်သည်။ ကျွန်တော် ပြောလိုသည်ကတော့ ယခုစာအုပ်ပါ ကဗျာများသည် ဆူးသစ်နီ၏ အစောပိုင်း အစပိုင်း ကဗျာများသာ ဖြစ်သည်။ နောင် ကဗျာရေးဖို့အချိန်တွေ အများကြီး ရှိပါသေးသည်။ ဆူးသစ်နီကသာ ကဗျာများ ဆက်၍ ဆက်ခါ ရေးနိုင်ပါစေဟုသာ ဆန္ဒပြုလိုက်ရပါသည်။

**"စာပေမြတ်နိုးသူများ"** ကျန်းမာချမ်းသာ၍
ကဗျာစာပေများ ဖတ်ရှုနိုင်ကြပါစေ ...
**"ဆူးသစ်နီ"**လည်း ကျန်းမာချမ်းသာ၍
ကဗျာများ၊ ဝတ္ထုများ၊ ပန်းချီများ ဆက်၍ဆက်ခါ
ရေးနိုင်ပါစေဟု ဆုတောင်းမေတ္တာ
ပို့သလိုက်ရပါကြောင်း။

**ပွင့်ဝေမြင့်**
၁-၁-၁၀

www.burmeseclassic.com

www.burmeseclassic.com

# အစွယ်

## နှင့်

## အခြားကဗျာများ

## ဆူးသစ်နီ၏ အမှာစကား

၁။ အသက်ရှင်သန်ဖို့
'အချိန်' ကို စားသုံးကြရတယ်။
အချိန်ကုန်သွားရင်
အသက်ရှင်သန်မှု ပြီးဆုံးသွားတော့တယ်။

၂။ ကျွန်တော့်အသက် ရှင်သန်ဖို့
'ကဗျာ' ကို စားသုံးလိုက်တယ်။
ကဗျာက မကုန်လို့
အသက်ရှင်သန်မှု မပြီးဆုံးတော့ဘူး။

၃။ ကျွန်တော် 'လူ' ဖြစ်ရကျိုး 'နပ်လာတယ်။

နှလုံးသားဖြင့်

ဆူးသစ်နီ

www.burmeseclassic.com

www.burmeseclassic.com

# ဆူးသစ်နှီ

## ကဗျာ မာတိကာ


၁။ မနက်ခင်းလေးမှာ နီးလာခဲ့ ၃
၂။ ရှာတဲ့မိုး ၅
၃။ ဒီကမ္ဘာကို ငါပိုင်စိုး ၇
၄။ အရောင်မပြောင်းတဲ့ဆောင်း ၉
၅။ အတိတ်ကံ ၁၁
၆။ သမ္မာန်စာ ၁၃
၇။ ရာသီသံဆန်း ၁၇
၈။ ကြက်သွေးရောင်အတွေး ၁၉
၉။ အမနာပ ၂၃
၁၀။ ချိန်းတဲ့ည ၂၇
၁၁။ အစွယ် ၂၉
၁၂။ ဆောင်းမိုးသောက်နံနက်ခင်း ၃၁
၁၃။ အိပ်ဖန်စောင့် ၃၅
၁၄။ ရန်ကုန်ပူရှိသ ၃၇
၁၅။ အလွမ်းရောင်မြို့ပြ ၄၁
၁၆။ မြည်သံစွဲမြို့ပြဓာတ်လမ်းတစ်ပုဒ် ၄၃
၁၇။ ခံဝန် ၄၅
၁၈။ သူရင်းငှား ၄၇
၁၉။ တံခါးခေါက်ပြီး ရောက်လာတဲ့ကဗျာ ၅၁
၂၀။ နှာဂစ် ၂၀၀၈ ၅၅
၂၁။ နျူကလီးယား – Nuclear ၅၃
၂၂။ တစ်နေ့တာ – That's the End of the Day ၆၁
၂၃။ လူ့ဘဝ – On the Life of Man ၆၅
၂၄။ နှင်းဆီဓာတ်သိမ်း – The Sick Rose ၆၇


www.burmeseclassic.com

www.burmeseclassic.com

# ဆူးသစ်နီ

## ကိုယ်တိုင်ရေး ပန်းချီသရုပ်ဖော်ပုံများ
## (Acrylic on Canvas)


| | | | |
|---|---|---|---|
| ၁။ | ခုံတန်းလျား | ၁၄" x ၁၈" | ၂ |
| ၂။ | ထီး | ၁၈" x ၂၄" | ၄ |
| ၃။ | စကြဝဠာ | ၁၈" x ၂၄" | ၆ |
| ၄။ | ဘဝသံသရာ | ၁၈" x ၂၄" | ၈ |
| ၅။ | ငရဲ | ၁၈" x ၂၄" | ၁၀ |
| ၆။ | ဘီလူးမင်း | ၁၈" x ၂၄" | ၁၂ |
| ၇။ | ဗိုလ်ချုပ်ဈေး | ၁၀" x ၁၂" | ၁၅ |
| ၈။ | အုန်းပင် | ၁၈" x ၂၄" | ၁၆ |
| ၉။ | ကလေ့စား | ၁၈" x ၂၄" | ၁၈ |
| ၁၀။ | စေတီ | ၁၀" x ၁၂" | ၂၀ |
| ၁၁။ | ရုပ်ပါ | ၁၄" x ၁၈" | ၂၂ |
| ၁၂။ | အခန်း | ၁၈" x ၂၄" | ၂၅ |
| ၁၃။ | တစ်ခုသောည | ၁၈" x ၂၄" | ၂၆ |
| ၁၄။ | အစွယ် | ၁၈" x ၂၄" | ၂၈ |
| ၁၅။ | လထွက်ချိန် | ၁၈" x ၁၈" | ၃၀ |
| ၁၆။ | ဗဂျီအောင်စိုး | ၁၈" x ၂၄" | ၃၃ |
| ၁၇။ | ဖေဖော်ဂျီ | ၁၈" x ၂၄" | ၃၄ |
| ၁၈။ | ခြသေ့်မင်း | ၁၈" x ၂၄" | ၃၆ |
| ၁၉။ | မြို့ပြ | ၂၄" x ၃၆" | ၄၀ |
| ၂၀။ | အင်းလျားကန် | ၂၄" x ၃၆" | ၄၂ |
| ၂၁။ | လက်ရာ | ၂၄" x ၄၂" | ၄၄ |
| ၂၂။ | ရဟန်း | ၁၀" x ၁၂" | ၄၆ |
| ၂၃။ | အဖေနှင့်သား | ၁၀" x ၁၂" | ၄၉ |
| ၂၄။ | ပန်းအိုး | ၁၂" x ၁၆" | ၅၀ |
| ၂၅။ | အလင်းတိုင် | ၂၄" x ၃၆" | ၅၃ |
| ၂၆။ | မိသားစု | ၁၈" x ၂၄" | ၅၆ |
| ၂၇။ | တော်ဝင်ကဒေါင်း | ၁၈" x ၂၄" | ၅၈ |
| ၂၈။ | ဆူးလေဝန်းကျင် | ၁၈" x ၂၄" | ၆၀ |
| ၂၉။ | ကျိုက်ထီးရိုးတောင် | ၂၄" x ၃၆" | ၆၄ |
| ၃၀။ | သုည | ၁၈" x ၂၄" | ၆၆ |


www.burmeseclassic.com

www.burmeseclassic.com

# အစွယ်

နှင့်

အခြားကဗျာများ




ဆူးသစ်နီ

www.burmeseclassic.com

www.burmeseclassic.com





ငရဲ
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



## အတိတ်ကံ

အတိတ်ဟာ အရိပ်လိုပဲ
အိပ်မက်တစ်ခု
ပြီးတော့
နှိပ်စက်တတ်သူ။

အတိတ်ကို အတိတ်မှာပဲ
ထားနိုင်ခဲ့သူတွေ
ပြစားတဲ့ကြေးမုံပြင်မှာ
ငါ့အလွမ်းရိပ်လာထင်။

ဆိုးရွားတဲ့
နာကျည်းဖွယ် အတိပြီးတဲ့
နေတစ်စင်းကို
စီးမျောသိမ်းပိုက်လိုက်ရချိန်
ငါ့ရင်ကို မုန်တိုင်းတစ်ကောင်
ကြောင်တောင်ဝင်နှိုက်ခဲ့။

အစိမ်းရောင်
အနီရောင်
ကြက်သွေးရောင်
အသားရောင်
ကိစ္စတွေ တယ်များမြောင်တဲ့
လူတို့ဘောင်။

စိတ်ချလက်ချ
အိပ်ရေးမဝတဲ့
အိမ်ပေါ်တက်ကရတဲ့ ညတွေအကြောင်း
အဝါမလေးနဲ့တွေ့မှ
ပြန်ပြောပြရမယ်။ ။

www.burmeseclassic.com

www.burmeseclassic.com





ဘိလူးမင်း
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



## သမ္မာန်စာ

တစ်ခါက
ကမ္ဘာကပြားတယ်
အခုလုံးပြီ။

ငယ်ငယ်တုန်းက
ဂြိုဟ်ကြီးကိုးလုံးရှိတယ်
အခုတစ်လုံးလျော့ပြီ
ငါမရှိခင်ကတည်းက
ကမ္ဘာရှိတယ်
ငါမရှိတော့ရင်လည်း
ကမ္ဘာကဆက်ရှိမယ်
ကမ္ဘာက ကမ္ဘာ
ငါက ငါ။

ရုပ်ရှင်မင်းသားလည်း သေတယ်
စာရေးဆရာလည်း သေတယ်
ဒါ ပညတ်လောက
ပရမတ္တမှ မဟုတ်လေတော့။

အကျည်းတန်မို့ မှန်ကြိုက်တာ
ပစ်ပစ်ကာကာ မပြောပါနဲ့
အဲဒါကျွဲပေါ့
အများညီပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



လာထင်တယ်
အရိပ်
တိတ်တဆိတ်ပေမယ့်
မှေ့ စက်အံ့မူးမူး
အတွေ့ ထူးတော့
နှမြောလိုက်တာ
လွတ်သွားတာ ငါးမဟုတ်တော့။


မဖြစ်သင့်ဘူး
အဲ့ဒီညက
မျက်နှာဖုံး ကွာကျတာ
ဒါပေမယ့်
မနက်ဖြန်
ငါရှိချင်မှရှိမယ်။ ။

ချယ်ရီမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၈။

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်ဈေး
(A/C 10 x 12 inches)

www.burmeseclassic.com

www.burmeseclassic.com





**အုန်းပင်**
**(A/C 18 x 24 inches)**

www.burmeseclassic.com

www.burmeseclassic.com




## ရာသီသံဆန်း

ငါးကြင်းကွက်ကောင်းကင်
ညနေလယ်ပြင်မှာ စင်းစင်း
လကွေးရိပ်လာထင်။
စက်ရထားခေါင်းသံ
ညံနေတဲ့ သာလာယံတစ်ခု
နရီမှန်ပွင့်ဖတ်ကြွေ
ခွေးသားအုပ်မတစ်စု။
ရိုးအီအတ္တဆူး
အိမ်အပြန်လွမ်းချင်း
(ပြီးတော့) အိပ်ယာဝင်ပုံပြင်နဲ့
ရှူးရှူးမှူးမှူး။
ကျေးလက်တေးသံသာ
ရင်ခုန်မှာတမ်း
မာယာစိမ့်စမ်းနဲ့
ပေယျာလကန်ဝမ်းစာ။
ပြန်ရပါဦးမယ်
ပါးကွက်ကြားကြားနဲ့
ချွေးစို့နေတဲ့ ကျောက်စီလမ်းမထက်ဝယ်
(ငါ)
ဒီတစ်ညနေ
ဘူတာရုံနဲ့ထပ်ရတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com





ကလဲ့စား
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



## ကြက်သွေးရောင်အသွေး

အတ္တဥခွံထဲက
ထွက်လာရတဲ့ လူသားဟာ
စ, ကာစက ဗလာလုံးတီး
နောက်ကျမှ
ပင့်ကူတစ်ကောင်ဘ၀လို
ကွန်ယက်တွေ ရှပ်ယှက်ပြီး
ဗရုတ်ဗရက်ဖြစ်။
ကြွေးဟောင်းတွေ
မတောင်းနိုင်သေးခင်
ကြွေးသစ်ချည်မျှင်တွေကိုသာ
အမယ်ဘုတ်လို
ထွေးအံဆက်ထုတ်။
လမ်းဆုံးကို မှန်းတုန်းကတစ်မျိုး
ခုတော့
လမ်းခုလတ်မှာ
မတ်တပ်စုံရပ်။
ပေးကား ပေး၏
သို့သော် ...... မရ
ဝေးကား ဝေး၏

www.burmeseclassic.com

www.burmeseclassic.com





စုံတန်းလျား
(A/C 14 x 18 inches)

www.burmeseclassic.com

www.burmeseclassic.com




သို့သော် ...... တစ်ပြ
ကုန်းဆင်းမှာ
စိတ်ကိုချုန်းမအုပ်ဘဲ
ဟန်လုပ်......
ပြီးမှ စုန်းစုန်းမြုပ်
(ကိုယ့်ကိုယ်ကိုယ် မကြိုက်တာ အဲဒါထိပ်ဆုံးကပဲ)
ပန်းတစ်ပွင့်ကို
ဆိုးဆိုးရွားရွား
သတိတရရှိမိချိန်
ဘဝဆိုတာ
လွမ်းမောဖွယ်ရာ
ကဗျာတစ်ပုဒ်လို့
အဖြေထုတ်ရရှိခဲ့။ ။

www.burmeseclassic.com

www.burmeseclassic.com





စေတီ
(A/C 10 x 12 inches)

www.burmeseclassic.com

www.burmeseclassic.com





ရုပါ
(A/C 14 x 18 inches)

www.burmeseclassic.com

www.burmeseclassic.com



## အမနာပ

မှတ်မှတ်ရရ
သတိတရရှိစေတဲ့ ညနေခင်း
တက်သုတ်ရိုက်ခြေသံ
ရင်ခွင်ကို ပွင့်အာထွက်စေခဲ့။
လမ်းရင့်ရင့်မှာ
မာနသံတွေခဲ
အပြိုင်းအရိုင်းလဲကာပြို
သောင်လိုလိုကမ်းလိုလိုလွင့်ပါနေခဲ့ရ။
ဖြေဆည်ရာမီးအိမ်တိုင်နဲ့
မြို့ပြကိုရှုက်လွှင့်
လေတံခွန်မျဉ်းပြိုင်မှာ
ပြိုင်မြင်းရှုရှုကို လေးဘက်ချမောင်းနှင်လိုက်ချင်ရဲ့။
အကွပ်မပါတဲ့ ကြမ်း
အမြည်းမပါတဲ့ အဖန်ရည်ဝိုင်း
ညမပါတဲ့ လမ်းမ
နှင်းမပါတဲ့ နံနက်ခင်း
အလွမ်းဈေးမှာ နှလုံးသားတွေငို။
ရှေ့ကသွားလို့ နောက်ကလိုက်
တရှိုက်မက်မက်နဲ့
တောင်စွယ်တန်းကအပြန်မှာ
မီးကျိုးမောင်းပျက်
အသင့်တံဆိပ်ကပ်ထားတဲ့ ငှက်ခါးတစ်ကောင်
အမောင် တောင်မှန်းမြောက်မှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com




လောကမံ
ကြံရည်ဖန်ရည်
ဥပက္ခာတရားနဲ့
အစဦးဆုံးမှာပဲ
တစ်ခါသုံး လပ်ဖ်ဆင်း (Love Scene) တစ်ပုဒ်
ကာကွယ်ဆေးအထိုးခံ။
လေးညှို့က ပစ်လွှတ်လိုက်တဲ့
ခရုကမာခွံတစ်ခု
ပြီးတော့ မေးခွန်းများစွာ
အာကာသထဲပြန့်ကြဲ
ဟိုလေအေးပေးစက်ထဲမှာ
ရီဆိုင်ကယ် (Recycle) လုပ်နေတယ်။
ပေးလိုက်တယ်
ပြောကြပါစေ
ဆောင်းအေးအေးမို့ ရင်ကျုပ်တာ
တဝုန်းဝုန်းဆောင့်တဲ့ ကားသံတွေကြား
ရိုးတံတစ်ချောင်း မိုးထိုးနေ။
အလင်းဆောင်တဲ့ တဲအိုပျက်
သတင်း (ပြီးတော့) ပုလင်း
ယာခင်းကို ထွန်ရေးညက်မှတော့
ဗျူဟာရိုးစင်းပါစေ့မယ်
ငါ့အိမ်နောက်ဖေးဆီက
မျှော်ငေးနေလို့ရတဲ့ လမင်းငယ်။ ။

ရယ်စရာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၁၀။

www.burmeseclassic.com

www.burmeseclassic.com






အခန်း
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com





တစ်ခုသောည
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



# ချိန်းတဲ့ည

ည...... ဝါဂွမ်းတိမ်ပေါ် စန္ဒာပျားရည်ချို စိုသွေးမွမွ

ညဥ့်ငှက်တစ်အုပ်ရဲ့ တောင်ပံခတ်သံတောင် ထိထိရှ ကြားနေရ

မဟူရာလမ်းပေါ် သံစဉ်ပျိုမြ ကုန်းကုန်းထ

ခရေညိုပြင်တို့ လေနုအေးမှာ ယိမ်းယိမ်းလို့က

မောင်နံ့ယဉ် နှစ်ပါးခွင် ဆင်ဆင်ယင် ခင်းကျင်းပ

လွင့်မျောကေသာရှည် စောင်းပါးရိပ်ခြေ ကြည့်ကြည့်လေလှ

ငေးမောမေးတင် တွင်တွင်ဖြေလျော့ မာန်စွယ်ကြွကြွ

ငါးပွက် ပွက်ရာနေရာ လေဟုန်စီး ငါးစာတွေသွားချ

အရဏ်ဦး လင်းကြက်အော် တစ်မနက်သော် နှင်းဦးမြေခ

မျက်ဝန်းရည်ပြာလဲ့လဲ့ တခုတ်တရ ကျလေလေမှ

မာယာဒီလိုည အသချော် အသချာ ပြုတ်ပြုတ်ကျ


အတိတ်က ငါ့ကို ငါကပြန်ပြီး တသသ နေဖြစ်နေရတဲ့ဘဝ။ ။

**အောင်လံ ရယ်ရှင်ဖွယ်မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၀၉။**

www.burmeseclassic.com

www.burmeseclassic.com





အစွယ်
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



# အစွယ်

လောက်လောက်ငငရှိတဲ့ တစ်ခုတည်းသော ကြယ်စင်ညတစ်ည
ငရဲမင်းရဲ့ မိုဘိုင်းမြည်သံ ကျဆိမ့်တောက်ပ
တိမ်တောင်ညိုညို သစ္စာတိုင်အော်ဟစ်
ဖျိုင်းအောက်တစ်အုပ် မြစ်ကွေ့ဘဝမှာ သောင်တင်ထားရစ်
အပြစ်မဲ့ လွန်ပူသွား အခွံကျွတ်ရှိသေရှိ့ရှိ့
အရွယ်လွန်မျဉ်းကြားမှာ ခန္ဓာအို စို့စို့ပို့ပို့
စင်းစင်းခ အုန်းပင်ပျိုမရဲ့ ခေါင်းစွပ်လှလှ
မစားရဝခမန်း စမ်းရေကြည်မာန တမ်းတမ်းတတ
လောကဓမ္မမြူးဇစ် လမ်းကျကျ တိုးဝှေ့ခွန်အား
မိုးတားဂါထာ တွယ်ချိတ်လွတ် အွန်လိုင်းခရီးသွား
တီးရှော့(ပ်) တောလား စွန်းထင်လမ်းပျက်
မဲနယ်သွေးချို ဟိမဝန္တာ တောင်စဉ်အခက်အလက်
နှင်းဆီဆူး မှန်းချက်မဲ့ ရင်ခွင်လွှာတိုးဝင်
ခုနှစ်စဉ် မြေဦးကင်းမှာ ညောင်ထောက်သန့်စင်
ဆယ့်တစ်မီးငြိမ်း ဆေးအိုးမြေမာ
သောကြာဂြိုဟ် စွန်တန်ဟင်းချို့ သေသပ်အရသာ
စည်းချက်ညီ စုတ်ချက် ပေးအပ်ဆုနှင်း
လေတံခွန်ပန့်ကေ သစ်လုံးအိမ်ဝေဝါးသက်ဆင်း
လျှပ်ပျက်လွန်းတင် စခန်းဝင် စံပယ်တင်မဲ့
အိုးခွက် အရုပ်ထင် ငါ့ရင်ခိုဝင်လှည့်။ ။

အောင်လံ ရယ်ရွှင်ဖွယ်ဂျာနယ်၊ မတ်၊ ၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com



# မနက်ခင်းလေးမှာ နိုးလာခဲ့

ရွာတဲ့မိုး
ဆောင်းတဲ့ထီး
သွင်သွင်ကျိုး
ငါ့ကောင်းကင်က မိုးရေတွေ
လတာပြင်မှာ
ဆိုခဲ့စေ၊ မြဲစေ။
အလှဆုံးပါးပြင်ပေါ်
ပထမဆုံး
လိမ့်ဆင်းလာတဲ့
ပုလဲကြွေပွင့်
သနပ်ခါးပါးကွက်ကြားမှာ
စွတ်ကြောင်းအက်ရာထင်။
စမ်းရေချိုတစ်ဝက်တစ်ပျက်
စက်စက်ယို
နှလုံးသွေးရောင် စွန်းလျက်နဲ့ကို
ကျွဲတစ်ဖက် နွားတစ်ဖက်။
နံနက်ခင်း
တက်နေ
ပြီးတော့ ...... မျက်ရည်
ဩော် ...... ရာသီစက်
ပျော်စေပျက်စေနဲ့
"မနက်ခင်းလေးမှာ နိုးလာခဲ့
အရင်ဆုံး မင်းကိုလွမ်းပါတယ်"။ ။

www.burmeseclassic.com

www.burmeseclassic.com





လထွက်ချိန်
(A/C 18 x 18 inches)

www.burmeseclassic.com

www.burmeseclassic.com



## ဆောင်းမိုးသောက် နံနက်ခင်း

ပန်းချီဆရာရဲ့ အိမ်ယာဟာ
ပန်းချီကားလို မသာယာဘူး
နေခြည်ဖြာ တိုးလျှိုပေါက်နဲ့
လေအလာမှာ
လူးကာလွန့်ကာ။
ကဗျာဆရာ အိပ်ယာအထဟာ
ကလျာပျိုနိုးကာစနဲ့ အလှမတူဘူး
စုတ်ဖွာကျနေတဲ့ ဆံနွယ်စတွေနဲ့
ဝိပလ္လာသအပြုံးမှာ
ကုန်းကာရုန်းကာ။
ကဗျာဆရာရဲ့ ပြုံးနေတဲ့မျက်နှာမှာ
လက်လက်ထနေတဲ့ အတွေးစတွေပဲ လတ်ဆတ်တယ်
နွေးတုံ့တဲ့ ခြေလှမ်းတွေက
ဆင်ယင်ခြယ်သမှု အနုပညာမှာ
မြေစမ်းခရမ်းပျိုးတုန်း။
ကွင်းပြင်ကျယ်ထဲက
တိုက်ညီနောင်အုပ်စုဟာ
ကျွက်စီကျွက်စီ နိုးကာစမှာပဲ
လှုပ်ကာရှားကာ
လေးလွှာစင်မြင့်ထက်ဆီက
လှမ်းမြင်ရတဲ့မြို့ပြဟာ
ပန်းချီဆရာ့အာရုံမှာ

www.burmeseclassic.com

www.burmeseclassic.com



ပါစပက်တစ် (Perspective) ပျက်ယွင်းနေရှာ။
ပန်းချီဆရာနဲ့ ကဗျာဆရာ
စပ်ပေါင်းညှော်ခဲ့တဲ့
လမ်းဘေးလက်ဖက်ရည်ဆိုင် ပါတီပွဲမှာ
ကမ္ဘာလုံးဆိုင်ရာ ပဋိပက္ခပေါင်းစုံနဲ့ ငါ
အလုံးအရင်း ပါဝင်ပတ်သက်လာ။
ဟိုဝေးဝေးက
ပုစွန်ဆီရောင် တောက်တောက်
တိမ်စိုင်တွေရဲ့အောက်မှာ
ပန်းချီဆရာနေတယ်
ကဗျာဆရာနေတယ်
အိမ်နောက်ဖေးမှာငါ
သူတို့ရှိရာကို မျှော်ငေးပြီး
အကာလ ညအေးအေးမှာ
သူတို့ကို လွမ်းဆွေးတယ်
ခုတော့
ကြယ်စင်တွေကြွေမကျခင်
ငါ့အိပ်မက်တွေ စိတ်ချရမယ့်
ဆောင်းတစ်မိုးသောက်
နောက်တစ်နေ့ နံနက်အရောက်
ငါ့စုတ်ချက်တွေ ခရီးပေါက်ခဲ့ရ။

www.burmeseclassic.com

www.burmeseclassic.com






ဗဂျီအောင်စိုး
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com





ပေဖော်ဂျီ
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



## အိပ်ဖန်စောင့်

ဘဝဆိုတာ
သီချင်းတစ်ပုဒ်မျှသာဆိုရင်
ရေချိုးခန်းထဲ အော်ဆိုပစ်လိုက်ချင်တယ်။
ကမ္ဘာကြီးကို စလောင်းဖုံးထဲထည့်ဖို့
ရုန်းကန်ခုန်ဆင်းလာခဲ့ရတဲ့ ငါ့ကို
နွေးနွေးထွေးထွေးကြိုဆိုတာ
လေထန်ကုန်း။
အဲဒီမှာ
ဘာမှမလိုဘူး
ဘာမှလည်းမရှိဘူး
ကျပ်နှစ်ရာရှိရင်
**Plain** တစ်ခွက်နဲ့ ကမ္ဘာတည်လို့ရတယ်။
ရန်ကင်းကိုသွားဖို့
ကျောက်ကုန်းကဆင်းရတယ်
သမိုင်းမှာဆင်းဖို့
အင်းစိန်ကိုဖြတ်ရမယ်
တကယ်တော့ ဘယ်လိုပဲရောက်လာလာ
ထွက်သွားရမှာက ရေဝေးတစ်ပေါက်တည်း။
အသည်းလား
မကောင်းတာပါ
မကြောင်ပါဘူး
**Sorry** ဒီနေ့ငါ့ **Day Off**
အိမ်နောက်ဖေးကမြင်ရတဲ့ရွာလေးမှာ
ငါဟာ လူတစ်ယောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com





ခြသော့်မင်း
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်ပူရိသ

လေအေးစက်တပ်ထားတဲ့
အခန်းကြပ်ကြပ်ကလေးထဲမှာ
ဦးနှောက်ကို လေသလပ်ခံ
အာရုံကိုသော့ခတ်ပြီး
ကြီးတော်နွားကျောင်းခဲ့ရတာ
နှစ်ပရိစ္ဆေဒကြာ...... ။
ကိုယ့်အတ္တ ကိုယ်ကျူးရတာ
အားမရကြတော့
ဝန်တိုမစ္ဆရိယ ထောင်လွှား
ဆယ့်နှစ်ကြိုး ကစားကြသတဲ့
ဟန်ဆောင်လောကသားရမယ်
အလကားပဲတင်း...... ။
ဟ လိုက်တဲ့ စကားတစ်ခွန်း
ဟိုးအစွန်းအထိ ရောက်သွားတာ
မသိနေပါ့မလား
ကဝိတွေပဲ
ဩော်...... သူတစ်ပါးဘဝ
မသနားတာ၊ မသနားတာ...... ။
ကန်ထုတ်တော့လည်း
လိမ့်ရတော့မပေါ့
ဘောလုံးမဟုတ်ပေမယ့်
အဆုံးရှုံးနိုင်ဆုံး၊ ကုန်းရုန်းခဲ့ပြီပဲလေ...... ။

www.burmeseclassic.com

www.burmeseclassic.com



မြင်အောင်တောင် မကြည့်တတ်သေးတဲ့သူ
အောင်မြင်အောင် ဘယ်လိုလုပ်ပါ့မလဲ
မတွေးဘဲ ရဲရဲဆုံးဖြတ်
အနာဂါတ်ကို မပူတတ်တဲ့အရွယ်ရောက်ခဲ့မှတော့...... ။
ဟော့ ...... မြင်ရုံနဲ့ရင်ခုန်တတ်သူကို
သင်ရုံတင် သင်ပေးခဲ့တဲ့ ရန်ကုန် ......
အခုဆို ...... ငါ့ခြေတစ်စုံ ရောက်လာပြီနော့
ကိုယ်မပိုင်တဲ့ အအေးခန်းထဲမှာ
နသွားခဲ့ရတဲ့ ငါ့ကို
ကတ္တရာပူပူမှာ၊ လျှောက်ကူလှည့်ပါ...... ။
တကယ်ဆို
ရန်ကုန်ကို စုံကန်ဖို့ မဖြစ်နိုင်သေးတဲ့ဘဝမှာ
ရန်ကုန်ဟာ ငါ့အသိုက်
ကဗျာကို အပင်စိုက်ပြီး
(အခုမှ)
ရန်ကုန်ဟာ ငါ့ဥစ္စာ တကယ်ဖြစ်လာတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ထီး
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com





မြို့ပြ
(A/C 24 x 36 inches)

www.burmeseclassic.com

www.burmeseclassic.com



## အလွမ်းရောင်မြို့ပြ

အလျှားလိုက်ရွေ့နေတဲ့ တိမ်ညိုညို
အဖြူရောင် မိုးရေစက်တွေ တွဲလဲခို။
အစိမ်းပုပ်ပုပ်ရောင် သစ်ရွက်ပျို
တောင်လေအမွှေ့မှာ စွတ်စွတ်စို။
အုတ်ရောင်နီနီ တိုက်အိုအို
မိုးလယ်တွင်းမှာ ခေါင်မိုးယို။ ။

www.burmeseclassic.com

www.burmeseclassic.com





**အင်းလျားကန်**
**(A/C 24 x 36 inches)**

www.burmeseclassic.com

www.burmeseclassic.com



## မြည်သံစွဲမြို့ပြဇာတ်လမ်းတစ်ပုဒ်

၁။ ကျွီခနဲ ပြတင်းတံခါးဖွင့်သံ
ဟီခနဲမြည်တဲ့ မြင်းရိုင်းနှင်သံ
ဟူးခနဲတိုက်တဲ့ မိုးလေသက်သံ။

၂။ ကျွီခနဲမြည်တဲ့ ကားတစ်စီးဘရိတ်သံ
ဝုန်းခနဲမြည်တဲ့ ကားတံခါးဖွင့်သံ
ခွပ်ခနဲမြည်တဲ့ မာနလမ်းလျှောက်သံ
စီခနဲမြည်တဲ့ အော်သံဟစ်သံ။

၃။ ဟက်ခနဲကွဲတဲ့ အသည်း
ပက်ခနဲ ထွက်တဲ့အသက်။

www.burmeseclassic.com

www.burmeseclassic.com





လက်ရာ
(A/C on Plywood)
24 x 42 inches

www.burmeseclassic.com

www.burmeseclassic.com



# ခံဝန်

* ပန်းနဲ့ပေါက်တာကိုတောင်
နာတတ်သေးတဲ့ နင့်ကို
ပန်းနဲ့ပဲပေါက်ဖို့
ငါ့ပန်းပွင့်တွေ
နင့်ကြောင့်ပွင့်။

* ထမင်းရည်ပူလာ
နင့်လျှာလွှဲ
အိုးကမလုံတော့
အုံကပွင့်။

* နင့်ဆင်သေကောင်ကို
လုံအောင်ဖုံးဖို့
ငါ့ဆိတ်ရေကို နင်ကပဲလာဖွင့်။

* ငါ့ပစ်ပစ်ချတဲ့
မိုးကြိုးချက်တွေဟာလည်း
နင့်ထန်းလက်တွေနဲ့ပဲ
အမြဲလိုလိုကာကာပြီးနှင့်။

* ကဲ … ဒီတစ်ခါတော့ဖြင့်
ပက်ပင်းတွေ့ကြတာပါလေ
မုန်လာဥ မင်းသမီးလေးရေ။ ။

ဆူးသစ်နီ

www.burmeseclassic.com

www.burmeseclassic.com





ရဟန်း
(A/C 10 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



## သူရင်းငှား

လတစ်စင်းကို လုပ်ရသလိုပ
ရွက်ခြောက်ပင်မ
ငါဟာ တိုက်အိုပျက်ဘဝ။
လောကကြီးရေ ...
ကမ္ဘာမြေပေါ်မှာ
ငါ ... သားတစ်ယောက်ထားခဲ့မယ်။
ကမာကောင်လို
သဲတစ်စေ့ဝင်မှ ပုလဲထုတ်တတ်အောင်၊
ကျားရဲတစ်ကောင်လို
အထိနာမှ စွမ်းအားတက်တတ်အောင်၊
သံပတ်ပေးထားတဲ့ နာရီတစ်လုံးလို
ပစ္စုပ္ပန်ပေါ်မှာ သစ္စာရှိတတ်အောင်၊
အိပ်၊ စား၊ ကာမ ဘဝမျိုးနဲ့ မဟုတ်ဘဲ
အနာဂတ်ကို ရှုးရှူးမှူးမှူးဖြစ်တတ်အောင်၊
ဖိနပ်ပြတ်တစ်ရံကို သဘောထားသလိုမျိုး
အတိတ်ကို ပက်ကနဲစွန့်ပစ်တတ်အောင်၊
ကဗျာဟော့ဆိုမှဖြင့် ထမင်းမေ့ဟင်းမေ့
အစာအိမ်ကို သစ္စာဖောက်တတ်အောင်၊
ငါ ... သင်ကြားပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးရေ ...
ပင်လယ်ကို
အိုင်နေတဲ့ ရေကန်သေကြီးတစ်ခုလို
မြင်သွားတဲ့ ငါကတော့
အမြဲစီးနေတဲ့
သာမညစမ်းချောင်းလေးဘေးမှာပဲ
လွတ်လပ်စွာ နေခဲ့ပါရစေတော့။
လောကကြီးရေ ...
သွေးမတော် သားမစပ်
ငါ့ဘဝနဲ့ မြို့ပြ
ညတစ်ညမှာ
တိတ်ဆိတ် (သို့ပေမယ့်) စူးရှလျက်
ကာရန်မဲ့ ဗုံသံမျိုးစုံနဲ့
ငါ့ရဲ့ ရှုးမိုက်မှုကို
စိုက်လိုက်မတ်တပ်
ဦးနိုက်ပြလိုက်ရပါတော့တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com





အမေနှင့်သား
(A/C 10 x 12 inches)

www.burmeseclassic.com

www.burmeseclassic.com



# ရှာတဲ့မိုး

လတစ်စင်းရဲ့
အပြုံးမျိုးနဲ့
အဆုံးရှုံးဆုံး လမ်းမှာ
မျက်နှာစိမ်း
ပန်းပေးခဲ့တယ်။
ကျီးပြိုသလို
လွင့်ကာမျောကာနဲ့
မည်ကာမတ္တစကားလုံးတွေ
ဘီကနိဝတ်ပြ
မှတ်သုန်ကြို အတ္တနေ့မှာ။
အဖိုးနည်းအိုးကွဲ
ရိုးသားမှု သစ်သီးတစ်ခု
တူးခြစ်သွားတဲ့ ဒယ်အိုးထဲမှာ
သိက္ခာတစ်ဖွဲ့ လူလုံးထွက်ပြလိုက်ရ။
သွင်သွင်စီးတဲ့စမ်းရေ
မခမ်းခြောက်သရွေ့
နုနုရွရွ တွေးခေါ်မှုတွေ
အုန်းသီးတစ်လုံးလို
ပေါလောပေါ်။
အဲဒါပဲ
ရှာတဲ့မိုး
ပြေးတဲ့လမ်း
မဆုံးတမ်းပဲ
အမုန်းဆုံးနေ့။ ။

www.burmeseclassic.com

www.burmeseclassic.com





ဝန်းအိုး
(A/C 12 x 16 inches)

www.burmeseclassic.com

www.burmeseclassic.com



## တံခါးခေါက်ပြီး ရောက်လာတဲ့ကဗျာ

မင်းလေး
စကား ဆိုရင်
ထင်တာထက်ကို
ခေါင်းလောင်းသံလေးလို
ချိုပါ့ကွယ် ...... ။
အတည်ဆုံးနေပြီး
အပြုံးတွေ
ချွေသုံးတတ်သေးတဲ့
မင်းမျက်နှာအေးအေးလေး (ကလည်း)
ဆေးရေးထားသလိုမျိုး...... ။
အချက်ကျကျပြောချတတ်တဲ့
မင်းအတွေးကထက်ထက်
သွက် ...... သွက်လှချည်ရဲ့...... ။
ဆင်မယဉ်သာ
မဟုတ်တာသေချာတယ်
(ဒါပေမယ့်)
မင်းလေးလမ်းလျှောက်တာ
အသာအယာ မက
ကဗျာကရာမကျ
လှတ ပတ...... ။
အဲဒါတွေအတွက်
မင်းကိုငါကပေးတာ

www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၁၀၀)...... ။
ဒီလိုနဲ့ပါ
အချိန်အခါတိုတိုအတွင်းမှာ
ချစ်မိသွားကြပါတယ်...... ။
ကဗျာထဲမှာသိတာ
ရင်ထဲမှာညီတာ
ဒါထင်ပါတယ် ...... ။
အိုကွာ......
လာပါမေရာ
သွားစို့ကဗျာရွာ
အတိတ်ကို ပြေလည်စွာထားခဲ့ကြပါမယ်..... ။ ။

www.burmeseclassic.com

www.burmeseclassic.com





အလင်းတိုင်
(Pastel on Paper)
24 x 36 inches

www.burmeseclassic.com

www.burmeseclassic.com





မိသားစု
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



## နာဂစ် ၂၀၀၈

"အဲဒီည"
တစ်ညမိုး
တိုးတိုးပြီးရွာ
မှောင်မဲ၊ တော်လဲ
လျှပ်ပျက်
အော်သံတို့ကွဲအက် ......
တွယ်ဖက်ထားဆဲ အသက်မဲ့လက်တို့
အေးစက် ......
စားလက်စထမင်းဝိုင်း
လေပွေရိုင်းရိုင်းကြောင့်
တစ်စစီလွင့်ထွက် ......
ကြိမ်ဒဏ်သင့်သလို
ကျောကော့ပေးခဲ့ရတဲ့
လှိုင်းတံပိုးဖွေးဖွေးအောက်မှာ
ရေနဲ့ရင်းနှီးသူတို့
ရေချခံကွက်မျက် ...... ။
"နောက်တစ်နေ့နံနက်"
အရာရာပဟာငြိမ်သက် ......
နေရာတကာမှာ
အမိမဲ့သား
သားမဲ့အမိ
အဖမဲ့မိသားစု

www.burmeseclassic.com

www.burmeseclassic.com



မိသားစုမဲ့အဖတို့
အမိုးမဲ့၊ အကာမဲ့
စားရမဲ့၊ သောက်ရမဲ့
ခေါင်းဖွာဖွာ
အဝတ်ဗလာနဲ့
အိမ်မက်ဆိုးမက်နေသလို
အတိတ်ရဲ့အပြုစားခံရပြီး
အပြိုအပျက်
အလဲအကွဲ
အပျောက်အရှ
အသေအကြေတွေနဲ့
ဒီရေဖွေးဖွေးမြင်ကွင်းကျယ်မှာ
ပစ္စုပ္ပန်မဲ့
အနာဂါတ်မဲ့
ရင်ခွင်မဲ့ ...... ။
ဩော် ......
မာန်နတ်ရဲ့ပန်းပွင့်
ငါတို့ရင်ကို ဆွဲဖွင့်ပြီးထားရစ်ခဲ့။ ။

www.burmeseclassic.com

www.burmeseclassic.com



## မျက်လုံးယား

ကြည့်ရှုဖို့ရာ မျက်ဝန်း
စားသုံးဖို့ရာ ပါးစပ်ဝ
ဖီးသင်ဖို့ရာ ဆံပင်နွယ်
သယ်ယူဖို့ရာ လက်တစ်စုံ
တွေးခေါ်ဖို့ရာ ဦးခေါင်း
ကြားနာဖို့ရာ နား နားရွက်
ခရီးရောက်ဖို့ရာ ခြေထောက်
အဟာရအတွက် မိခင်နို့ချို
မြည်းစမ်းဖို့ရာ အရသာလျှာ
အာရုံခံဖို့ရာ နှာခေါင်း
ချစ်ကြင်ဖို့ရာ အသည်းနှလုံး
ယိမ်းနွဲ့ဖို့ရာ သစ်တောအုပ်
ရွှေ့လျားစေဖို့ရာ လေပြေညင်း
လျှောက်နင်းဖို့ရာ ကျောက်တုံး
စီးဆင်းဖို့ရာ မြစ်မင်း
လွင့်မျောဖို့ရာ တိမ်ကြော
တောက်ပဖို့ရာ သူရိယ
အလင်းဖြာဖို့ရာ စန္ဒာ
သီကြူးဖို့ရာ ငှက်ဖိုငှက်မ
ဖွေးဖွေးနီဖို့ရာ နှင်းဆီသွေး
ဘာများလိုသေးလို့လဲ
ငါတို့လောက။ ။


www.burmeseclassic.com

www.burmeseclassic.com





တော်ဝင်ကဒေါင်း
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



# Nuclear


Eyes to see
Mouth to eat
Hair to comb
Hands to carry
Head to think
Ears to hear
Foot to walk
Breasts to feed
Tongue to taste
Nose to smell
Heart to love
Trees to shake
Winds to run
Stones to step
Rivers to flow
Clouds to move
Sun to shine
Moon to light
Birds to sing
Rose to red
What else.......

**The Light of English, August, 2009**

www.burmeseclassic.com

www.burmeseclassic.com






စကြဝဠာ
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com





ဆုံးလေဝန်းကျင်
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



## တစ်နေ့တာ

တိမ်တွေရယ် စွေကာလွင့်ပေါ့
မိုးကြိုးငယ် လင်းလက်ပျောက်ကွယ်
ပင်ရွက်တို့ တေးချင်းဆိုလေပြေနော့
တောင်စဉ်ပျို့ နားစက်ဖို့ ဟန်ပြင်။
အုပ်တောလျှင် ရယ်မောဟုတ်နိုးနိုးထင်
မိုးရက်မို့ ဟစ်အော် မျက်ဝန်းစိုလဲ့ယဉ်
အိပ်တန်းဝင် ရှင်ပျော်ငှက်တို့ ကခြင်းရပ်
အိုမင်းစွာ ငါ့ကို တစ်ရက်ထားခဲ့ကြလျှင်။
လရေးရေးထွက် အသက်တာ ငါ့ကိုချဉ်းကပ်လို့ ဆင်ခြင်
သင်နေမင်း နှုတ်ဆက်ပြီး ထားခဲ့ အတွေးသက်တန့်မျှင်
ဒါကျင်လည်ရ ဘဝဇာတ်လမ်းစဉ်
အဟိတ်တိရစ္ဆာန် ကြင်နာပါအသင်
မနုဿလူသား...... ပျော်ရွှင်ပါစေချင်
ငါကိုယ်တိုင်...... ကျန်းမာရပါလို၏အစဉ်
လောကကို ပေးဆပ်ခြင်းမပြုရသေးခင်။ ။

The Light of English, July. 2009

www.burmeseclassic.com

www.burmeseclassic.com



## That's the End of the Day

Clouds move slowly aside
Thunders disappear with light
Trees sing together with breeze
Mountains prepare its bed to sleep
Forests smile as a good guy
Rains cry down from his own-eyes
Birds stop dance and start rest on the tree-lines
Life makes me older than the day behind
Age is approaching to me with moonshine
Sun left a rainbow and said Goodbye
That's the way World goes by
Animal ... be kind
People … be happy
Me myself ... be healthy
Yes, before I as well to say Goodbye!

**The Light of English, July, 2009**

www.burmeseclassic.com

www.burmeseclassic.com



## On the Life of Man

Like to the falling of a star,
Or as the flights of eagles are;
Or like the fresh spring's gaudy hue,
Or sliver drops of morning dew,
Or like a wind that chafes the flood,
Or bubbles which on water stood:
Even such is man, whose borrowed light
Is straight called in and paid to night:
The wind blows out, the bubble dies,
The spring entombed in Autumn lies,
The dew's dried up, the star is shot,
The flight is past, and man is forgot.

**Francis Beaumont**

www.burmeseclassic.com

www.burmeseclassic.com





ကျိုက်ထီးရိုးတောင်
(A/C 24 x 36 inches)

www.burmeseclassic.com

www.burmeseclassic.com



## လူ့ဘဝ

ကြယ်တစ်ပွင့် ကြွေကျသလို
ငှက်လင်းယုန်တို့ ဝဲပျံနေကြသလို
လတ်ဆတ်နွေဦးရဲ့ တောက်ပအရောင်လို
ချိုနုံနက်ခင်းရဲ့ ငွေနှင်းစများလို
လျှံရေကို တိုက်ပွတ်ဖြတ်လာရတဲ့ လေပွေမွှမွှလို
ရေပြင်ညီပေါ်က ရေပွက်လှလှများလိုပါ
လူတစ်ယောက်ရဲ့ ဘဝ
အလင်းကိုခေတ္တ ချေးငှားခဲ့ရ
မနေးမမြန်ပါပဲ ညအကာလဆီပြန်အပ်ခဲ့ကြရ။
လေပြေက တိုက်ရင်းလွင့်ပါး
ရေပွက်က ပွက်ရင်းပျောက်ကွယ်
ဟေမန္တ က နွေဦးမှာလျောင်းစက်
နှင်းစက်တို့က ခန်းခြောက်ကြွေပျက်
ကြယ်စင်တို့က ပြုတ်ကျမြေသက်
လင်းယုန်ငှက်တို့လည်း ပြီးဆုံးအိပ်စက်
မေ့ပျောက်သွားကြရမယ့်
လူ့ဘဝလောကမံပြကွက်...... ။

Trs: မိုးစက်နှင့် ဆူးသင်္ဂြိုဟ်

www.burmeseclassic.com

www.burmeseclassic.com





သုည
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



## The Sick Rose

O Rose thou art sick.
The invisible worm,
That flies in the night
In the howling storm:
Has found out thy bed
Of crimson joy:
And his dark secret love
Does thy life destroy?

**William Blake**

## နှင်းဆီဇာတ်သိမ်း

ပြင်းလေကျချိန်
ညဉ့်နက်နက်မှရောက်လာ
မမြင်သာ ပင်ဖျက်ပိုးကြောင့်ပါ
နွမ်းနေရှာပေါ့ အို နှင်းဆီငယ်ရာ......
မင့်ခင်းစက်ရာဆီက
ရဲရင့်နီ ကြည်မွေ့မှိုင်းညို့
ရှိုင်းနက်မညီ ဝှက်လျှို့တဲ့
သူ့အချစ်မြို့ဆီ ရောက်ချိန်မှာ
နှင်းဆီရယ်...... မင်းဘဝပျက်ကြွေပြီလားရယ်လို့...... ။

**Trs: မိုးစက်နှင့် ဆုသမ်မီ**

www.burmeseclassic.com

www.burmeseclassic.com



# ဆူးသစ်နီ
## ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| ❒ | ကလောင်အမည် | **ဆူးသစ်နီ** |
| ❒ | အမည်ရင်း | ထွန်းမြတ် |
| ❒ | မွေးနေ့ | ၂၁–၁–၁၉၆၇ (စနေနေ့) |
| ❒ | လူမျိုး | မြန်မာ |
| ❒ | မျိုးနွယ် | ဗမာ |
| ❒ | မိဘ | သတင်းထောက် မောင်မိုးခိုင် (သာယာဝတီ)<br>ကဗျာ/စာရေးဆရာမ ခင်စိုးမိုး (သုံးဆယ်) |
| ❒ | ပညာအရည်အချင်း | ဝိဇ္ဇာဘွဲ့ (သမိုင်း)၊ ရန်ကုန်တက္ကသိုလ် (၈၈)၊<br>အင်္ဂလိပ်စကားပြောသင်တန်းဆရာ<br>အင်္ဂလိပ်စကားပြောညှိလမ်းညွှန် |
| ❒ | အနုပညာ | ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ အက်ဆေးများ ရေးသား။ ပန်းချီ၊ ကာတွန်းများ ရေးဆွဲ။ Installation, Performance Art များ ပြုလုပ်။ |

❒ စာပေနယ်သို့ စတင်ဝင်ရောက် – ၁၉၉၅

❒ ပန်းချီပြပွဲ စတင်ပြသ – ၂၀၀၉

www.burmeseclassic.com

www.burmeseclassic.com



❒ ထုတ်ဝေပြီး စာအုပ်များ
၁။ "မိုးမိုး (အင်းလျား) ဝတ္ထုတိုပြိုင်ပွဲ" ဆုရ ဝတ္ထုတိုများစုစည်းမှု (၁၉၉၅)
၂။ "ညီသောကြီးရဲ့ ခန်းဝင်ပစ္စည်းများ" ကဗျာစုစည်းမှု (၂၀၀၇)
၃။ "တစ်မျက်နှာ ဆုးသစ်နီ" ဝတ္ထုတိုစုစည်းမှု (၂၀၀၉)
၄။ "သူတို့ပြောတဲ့ အချစ်" ဝတ္ထုတိုများစုစည်းမှု (၂၀၁၀)
၅။ "အစွယ်" ကဗျာစုစည်းမှု (၂၀၁၀)

❒ ပြသပြီး ပန်းချီပြပွဲများ
၁။ "ပန်းနုရောင်ပြူတင်းပေါက်" လောကနတ်၊ (ဇွန်၊ ၂၀၀၉)
၂။ "စာနယ်ဇင်း ပန်းချီပြပွဲ" ဗိုလ်ချုပ်ဈေး (အောက်တိုဘာ၊ ၂၀၀၉)
၃။ "ဦးသုခ အမှတ်တရ ပန်းချီပြပွဲ" New Treasure (နိုဝင်ဘာ၊ ၂၀၀၉)
၄။ "၄၃" တစ်ကိုယ်တော်ပန်းချီပြပွဲ ပန်းဆိုးတန်း (ဇန်နဝါရီ၊ ၂၀၁၀)

❒ နေရပ်လိပ်စာ
တိုက် (၇၈)၊ ၆-လွှာ (ဝဲ)၊ စက်ရုံလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❒ ဆက်သွယ်ရန်
ဖုန်း - ၀၉ ၅၀၃ ၅၄၀၄
အီးမေး(လ်)- hsuuthitni@gmail.com

www.burmeseclassic.com

www.burmeseclassic.com



## ဒီကဗျာကို ငါပိုင်စိုး

မိုးရေစက် တစ်ပေါက်
တောက်ခနဲကျသွားလို့
ပွင့်သွားတဲ့ မီးတစ်ပွင့်
ငါ့ရင်မှာ သန္ဓေသားရင့်မာ။
တောင်ပံမခတ်ပါနဲ့
ဟိုဟိုဒီဒီ မပျံပါနဲ့
အခုမြင်နေရတဲ့ ပြတင်းပေါက်
ဆွဲလှန်မှောက်ချလိုက်
အနုတ္တတွေ ဗလုံးဗထွေး။
နကန်းမသိတဲ့ အတ္တကို
ဈေးခေါ်ကြေးတိုက်
ခေါင်းငိုက်စိုက်ထွက်လာချိန်
ငါခလုတ်ကို မှားနှိပ်မိလိုက်ရ။
ရွှာစဉ်လျှောက်
အတွေးဟောက်ပက်နဲ့
ကယောင်ကယက် သာသာစကား
စည်းထားပါ ငါ့ချစ်သူတို့ရယ်။
ဆေးအနက် တစ်စက်အကျမှာ
ငါ့ကဗျာဟာ
ပိန်းပိန်းမှောင်သွားတော့တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဆူးသစ်နီ

## ဘာလဲ

| | | |
|---|---|---|
| ❒ အကြိုက်ဆုံးအရာ | | အစားအစာ |
| ❒ မကြိုက်ဆုံးအရာ | | မကျန်းမာခြင်း |
| ❒ အချစ်ဆုံးစိတ်ခံစား | | ရိုးသားခြင်း |
| ❒ အမုန်းဆုံးစိတ်ခံစား | | ဟန်ဆောင်ခြင်း |
| ❒ စိတ်အချမ်းသာဆုံးအချိန် | | အနုပညာပစ္စည်းတစ်ခုခု ဖန်တီးရခြင်း |
| ❒ စိတ်မရှည်ဆုံးအချိန် | | စောင့်မျှော်ရခြင်း |
| ❒ အလေးစားဆုံးပုဂ္ဂိုလ် | | ပညာရှင် |
| ❒ အရွံရှာဆုံးပုဂ္ဂိုလ် | | အခွင့်အရေးသမား |
| ❒ အထင်အကြီးဆုံးသူ | | အမြော်အမြင်ကြီးသူ |
| ❒ စိတ်အပျက်ရဆုံးသူ | | အမြင်ကျဉ်းသူ |
| ❒ မိမိအားသာချက် | | ဝီရိယရှိခြင်း |
| ❒ မိမိကိုယ်ကို ယုံကြည်ချက် | | ကောက်ကျစ်ညစ်ပတ်၊ ဂလဲ့စားချေမှု မရှိခြင်း |
| ❒ အကြိုက်ဆုံးစာအုပ် | (နိုင်ငံခြား) | Why not the best (သမ္မတ ဂျင်မီကာတာ) |
| | (မြန်မာ) | တစ်သက်တာမှတ်တမ်း (ရွှေဥဒေါင်း) |
| ❒ အကြိုက်ဆုံးရုပ်ရှင် | (နိုင်ငံခြား) | Amadeus (Mozart) |
| | (မြန်မာ) | ဗိုလ်အောင်ဒင် (ခင်မောင်ရင်) |
| ❒ အကြိုက်ဆုံးသီချင်း | (နိုင်ငံခြား) | Black Magic Woman (Santana) |
| | (မြန်မာ) | ရန်ကုန်သူ (နန်းတော်ရှေ့ဆရာတင်) |


## ဘယ်လဲ

| | |
|---|---|
| ❒ အဖြစ်ချင်ဆုံး | အနုပညာရှင် |
| ❒ မဖြစ်ချင်ဆုံး | လူမမာ |
| ❒ အလုပ်ချင်ဆုံး | စွန့်လွှတ်ခြင်း |
| ❒ မလုပ်ချင်ဆုံး | တစ်ကိုယ်ကောင်းဆန်ခြင်း |

www.burmeseclassic.com

www.burmeseclassic.com






ဘဝသံသရာ
(A/C 18 x 24 inches)

www.burmeseclassic.com

www.burmeseclassic.com



# အရောင်မပြောင်းတဲ့ဆောင်း

အဲဒီည
ဖြူလွလွကန့်လန့်ကာပေါ်မှာ
လတစ်ခြမ်းကို ချိတ်တွယ်
ဟယ်ခနဲအော်တဲ့ မီးပုံးပျံတွေနဲ့
တန်ဆောင်မုန်းကို အိတ်ထဲသွပ်
သီတင်းကျွတ်ကို တန်းပေါ်တင်ပြီး
ထိုင်လွမ်းနေမိတာများ
ရန်ကင်းလမ်းမတွေမို့သာပေါ့။
လျှောက်နေတဲ့ခြေထောက်ကနှစ်စုံ
ခုန်နေတဲ့နှလုံးသားက တစ်ခုတည်း
လွမ်းရဲလွမ်းကြည့်လို့ အချိန်ကာလကကြိမ်းတော့
စားရအောင် မိုးညကို ဝယ်ခဲ့တာ အလကားဖြစ်ပါပေါ့။
သူတစ်ပါး အားရအောင် လုပ်ရက်လေရှာသလားလို့
ဆို ဆိုပြီးကတဲ့ တိမ်အဖြူရောင်တွေလို
ကြယ်ပြောင်တွေက လိမ်ညာသတဲ့
ဒါ တရားပါရဲ့လား။
အဲဒီလိုညမျိုးပါပဲ
ကုန်းမပေါ်က လိမ့်ဆင်းလာတဲ့
ကြည်နူးခြင်းတွေနဲ့ ရင်ဆိုင်တွေ့ခဲ့ရချိန်မှာ
မြင်ရင် မှတ်မိနိုင်တဲ့ နိမိတ်ပုံတွေနဲ့
တိတ်တိတ်ပုန်းလျှိုးနေတဲ့
နှစ်ဦးလုံးရင်ထဲက မီးလင်းဖိုတွေက
ဆောင်းတွင်းလေမှာ
ဖျတ်ဖျတ်ခါ။ ။

City မဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၀၇။

www.burmeseclassic.com